Erasmus+ အဆင့်မြင့်ပညာရေးတွင် စွမ်းရည်မြှင့်ခြင်းအစီအစဉ်

စီမံကိန်းအမှတ် - 609711-EPP-1-2019-1-AT-EPPKA2-CBHE-JP
စီမံကိန်းကာလ - ၃၆ လ (ဇန်နဝါရီ ၁၅ ရက် ၂၀၂၀ ခုနှစ်မှ - ဇန်နဝါရီ ၁၄ ရက် ၂၀၂၃ ခုနှစ်ထိ)

STEP up

# ထိုင်းနိုင်ငံနှင့်မြန်မာနိုင်ငံ၏ ယိုယွင်းနေသောစီးပွားရေးအခြေအနေတွင် ဆန်းသစ်သော လူမှုအကျိုးပြုစွန့်ဦးတီထွင် စီးပွားရေးအလေ့အကျင့်ကောင်းများကို ခိုင်မာစေခြင်း

Co-funded by the Erasmus+ Programme of the European Union

STEP up

# ပထမနေ့

# ကြိုဆိုခြင်းနှင့်မိတ်ဆက်ခြင်း

ဤသင်တန်းတွင် သင်ခန်းစာမော်ဂျူး ၄ ခု အစဉ်လိုက်ပါဝင်သည်။

အပိုင်း ၁ - လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းအား မိတ်ဆက်ခြင်းနှင့် အခွင့်အလမ်းရှာဖွေဖော်ထုတ်ခြင်း

အပိုင်း ၂ - လူမှုစီးပွားရေးလုပ်ငန်း နမူနာပုံစံငယ်နှင့် လူမှုဆန်းသစ်တီထွင်မှုများပြုလုပ်ရန် ကြိုတင်ပြင်ဆင်ခြင်း

အပိုင်း ၃ - SE များအတွက် Branding ပြုလုပ်ခြင်းနှင့် Marketing နည်းဗျူဟာများ

အပိုင်း ၄ - သင်တန်းများပေးရန်စင်တာတစ်ခုကို ပြုစုပျိုးထောင်နည်း (SEKH)

# အစီအစဉ်



# ယနေ့အစီအစဉ်

| ပထမနေ့ | | | |
|---|---|---|---|
| 8:00 (အီးယူ) | 12:30 (မြန်မာ) | 13:00 (ထိုင်း) | ကြိုဆိုခြင်းနှင့် မိတ်ဆက်ခြင်း |
| 8:15 (အီးယူ) | 12:45 (မြန်မာ) | 13:15 (ထိုင်း) | စတင်ခြင်း |
| 8:30 (အီးယူ) | 13:00 (မြန်မာ) | 13:30 (ထိုင်း) | အုပ်စုဖွဲ့လုပ်ဆောင်ရမည့် လုပ်ရှားမှုကို မိတ်ဆက်ခြင်း |
| 8:45 (အီးယူ) | 13:15 (မြန်မာ) | 13:45 (ထိုင်း) | လူမှုစီးပွားရေးလုပ်ငန်းများ - အဖွဲ့များခွဲကာဆွေးနွေးခြင်း |
| 9:05 (အီးယူ) | 13:35 (မြန်မာ) | 14:05 (ထိုင်း) | အပြန်အလှန် မျှဝေဆွေးနွေးခြင်း |
| 9:50 (အီးယူ) | 14:20 (မြန်မာ) | 14:50 (ထိုင်း) | နားချိန် |
| 10:10 (အီးယူ) | 14:40 (မြန်မာ) | 15:10 (ထိုင်း) | အီးယူမှ လေ့လာချက်တစ်ခုကို တင်ဆက်ခြင်း |
| 11:10 (အီးယူ) | 15:40 (မြန်မာ) | 16:10 (ထိုင်း) | နားချိန် |
| 11:25 (အီးယူ) | 15:55 (မြန်မာ) | 16:25 (ထိုင်း) | SE ပုစ္ဆာတစ်ခုကို အဖွဲ့အလိုက် ဖြေရှင်းခြင်း |
| 12:10 (အီးယူ) | 16:40 (မြန်မာ) | 17:10 (ထိုင်း) | ဆွေးနွေးချက်များကို အနှစ်ချုပ်ခြင်း |

# စတင်ခြင်း

မိတ်ဖက်အဖွဲ့တစ်ဖွဲ့လျှင် တစ်ဦးစီက
မိမိအဖွဲ့၏အမည်ကို မိတ်ဆက်ပြီး
ဟာသတစ်ခုပြောပါ။



# အုပ်စုဖွဲ့လုပ်ဆောင်ရမည့် လုပ်ရှားမှုကိုမိတ်ဆက်ခြင်း



STEP up

# လုပ်မှုအကျိုးပြုစွန့်ဦးတီထွင်စီးပွားရေး၏ အဓိပ္ပါယ်ဖွင့်ဆိုချက်

လုပ်မှုအကျိုးပြုစွန့်ဦးတီထွင်စီးပွားရေးဆိုသည်မှာ လူမှုလိုအပ်ချက်များကို ဖြည့်ဆည်းရန်အတွက် စီးပွားရေးလုပ်ကိုင်ရာတွင် စွန့်ဦးတီထွင်နိုင်သည့် နည်းလမ်းအားလုံးကို ခြုံငုံသည်။ ၎င်း၏ သဘောတရားသည် ကြီးမားကျယ်ပြန့်သည်။ ထိုသဘောတရားတွင် လူမှုပြဿနာများကို ဖြေရှင်းနိုင်ပြီး၊ ရေရှည်ခံသည့် လူမှုအပြောင်းအလဲနှင့် လူမှုတန်ဖိုးကို ဖန်တီးနိုင်မည့် ဈေးကွက်အခြေပြုနည်းလမ်းများ၊ အသုံးချကိရိယာ (instruments) များပါဝင်သည်။

# STEPUp စီမံကိန်းအတွင်း ဖွင့်ဆိုထားသော ‘လူမှုအကျိုးပြုစွန့်ဦးတီထွင်စီးပွားရေး’ (SE) ၏အဓိပ္ပါယ်




လူမှုအကျိုးပြုစွန့်ဦးတီထွင်စီးပွားရေးဆိုသည်မှာ အများသူငါအကြား၊ လူ့အသိုက်အဝန်းများအကြား ဖြစ်ပေါ်လျှက်ရှိသည့် လူမှုပြဿနာများကို ကိုင်တွယ်ဖြေရှင်းနိုင်သည့် ဆန်းသစ်သော စီးပွားရေးပုံစံများကို အမြတ်အစွန်းတစ်ခုတည်းအတွက်သာမက ရည်ရွယ်ချက်တစ်ခုထားရှိပြီး အသုံးပြုသည့်ဖြစ်စဉ်ဖြစ်သည်။ လူမှုအကျိုးပြုစွန့်ဦးတီထွင်စီးပွားရေးသည် လူ့အဖွဲ့အစည်းနှင့် ၎င်းနှင့်ဆက်စပ်လျှက်ရှိသော ဂေဟာစနစ်အတွက် ရေရှည်အကျိုးစီးပွားနှင့်တန်ဖိုးကို ဖြစ်ပေါ်စေသည်။

# လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းများ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်

- အနည်းဆုံး ဝင်ငွေ၏ ၅၀% သည် လုပ်ငန်းလည်ပတ်မှုမှရရှိပြီး၊ အခြေခံအားဖြင့် လူမှုရေးရည်ရွယ်ချက်များရှိသော စီးပွားရေးဖြစ်သည်။ ၄င်းစီးပွားရေးမှရရှိသော အမြတ်အစွန်းကို အဓိကအားဖြင့် လူမှုအသိုက်အဝန်းအတွက် သို့မဟုတ် လုပ်ငန်းအတွက် ပြန်လည်မြှုပ်နှံသည်။ (UK ဥပဒေ)

- အတွေ့အကြုံသစ်များရှာဖွေခြင်း၊ စဉ်ဆက်မပြတ်ဖန်တီးမှု အဆင့်ဆင့်ကို ပြုလုပ်ခြင်းအားဖြင့် လူမှုတန်ဖိုးအား ဖော်ဆောင်ရန်နှင့် ရေရှည်ထိန်းသိမ်းရန် မျှော်မှန်းချက်ထားရှိကာ လူမှုရေးကဏ္ဍတွင် အပြောင်းအလဲကိုဖော်ဆောင်နေသည့် စီးပွားရေးအဖွဲ့အစည်းများဖြစ်သည်။ (Dees, 2007)

- စီးပွားရေးတွင် စွန့်ဦးတီထွင်ခြင်းဖြင့် ဝင်ငွေရရှိသည့် နည်းဗျူဟာကို အသုံးပြုကာ ၄င်း၏ လူမှုရေး မျှော်မှန်းချက်ကို အကောင်အထည်ဖော်သည့် စီးပွားရေးအဖွဲ့အစည်း (သို့) venture ဖြစ်သည်။ (Emerson, 2006)

- ပန်းတိုင်များစွာ၊ အကျိုးသက်ဆိုင်သူမြောက်များစွာ (multi-stakeholders) နှင့် ရင်းမြစ်များစွာရှိသော လုပ်ငန်းများဖြစ်သည်။ ထိုလုပ်ငန်းများသည် စုပေါင်း စွမ်းအားအပေါ် မှီတည်ပြီး ၄င်း၏လုပ်ဆောင်ချက်တို့တွင် ငွေကြေးစွန့်စားမှုရှိသည်။ (Defourny and Nyssen, 2010)

# လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းများကို အနစ်ချုပ်ဖော်ပြခြင်း

## စီးပွားရေးလုပ်ကိုင်မှုပုံစံကို ပြန်လည်လေ့လာခြင်း

အခြေခံမောင်းနှင်အားသည် **လူမှုတန်ဖိုး** ဖြစ်ပေါ်စေရန်အတွက် ဖြစ်သည်။

**အကျိုးရှိသည့် မြပ်နှံမှု**

ပြန်လည်ရရှိသော ဝင်ငွေနှင့်အတူ တိုင်းတာနိုင်သည့် လူမှုအကျိုးသက်ရောက်မှုကို ရရှိသည်။

အခြေခံမောင်းနှင်အားသည် **ငွေကြေးတန်ဖိုး** ရရှိရန်ဖြစ်သည်။




| | | | | | | |
|---|---|---|---|---|---|---|
| ဂရန့်များ၊ လှူဒါန်းမှုများ (သို့) ထောက်ပံ့မှုများမှ ရရှိသော အလှူငွေ သက်သက်ဖြစ်သည် | ဈေးကွက်အခြေပြုပြီး ထပ်လောင်း ရရှိသည့် ဝင်ငွေစီးဆင်းမှု | ဈေးကွက်မှဝင်ငွေ ၇၅% နှင့် အထက်ဖြင့် မိမိဖာသာရေရှည် ရပ်တည်နိုင်သည့် အလားအလာရှိသည် | လူမှုအကျိုးပြု စီးပွားရေး - အမြတ်အစွန်းကို ပြန်လည်မြပ်နှံသည် | မျှော်မှန်းချက်ဖြင့် မောင်းနှင်သော အမြတ်အစွန်း ရရှိရေးလုပ်ငန်း (B-Corp) | CSR နှင့် ကော်ပိုရိတ် ပရဟိတ (SRI ကို ပစ်မှတ်ထားသည်) | အမြတ်အစွန်းရရှိရေး သက်သက်သာ - ရေစီးကြောင်းကို လိုက်၍ ရင်းနှီးမြပ်နှံသူများ |

အကျိုးအမြတ်အတွက်မဟုတ် | အကျိုးအမြတ်အတွက်

Source: Adapted from J. Kingston Venturesome, CAF Venturesome, and EVPA.

# လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းများ၏ သရုပ်လက္ခဏာများ

- ရှင်းလင်းတိကျသော လူမှုရေး mission ရှိခြင်း
- မတူညီမှုများပေါင်းစပ်ထားသော အဖွဲ့အစည်းများဖြစ်ခြင်း - လူမှုရေးနှင့်စီးပွားရေး ရည်မှန်းချက်များ၊ လူမှုရေးနှင့် စျေးကွက်ဆိုင်ရာယုတ္တိဗေဒကို ပေါင်းစပ်ခြင်း
- ကိုယ်ပိုင်စီးပွားရေး activity နှင့် ဝင်ငွေရရှိမှု
- လူမှုအသိုက်အဝန်းကိုအခြေပြုပြီး လူမှုအသိုက်အဝန်းအတွက် ရည်ရွယ်လုပ်ဆောင်ခြင်း
- ပူးပေါင်းဆောင်ရွက်မှုနှင့်ကွန်ယက်များကို အမှီသဟဲပြုခြင်း
- ဆန်းသစ်တီထွင်ခြင်း
- လူမှုအပြောင်းအလဲကိုဖော်ဆောင်ခြင်း
- တရားဝင်ပုံစံအမျိုးမျိုးဖြင့်တည်ရှိခြင်း (နိုင်ငံပေါ်မူတည်သည်)



STEP up

# လူမှုအကျိုးပြုစီးပွားရေး လုပ်ငန်းဆိုင်ရာ သဘောတရားများနှင့် ဆက်စပ်အခြေအနေများ

အုပ်စုလိုက်လုပ်ဆောင်ရန်

၂၀ မိနစ်

- လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ ဆရာ/ဆရာမ၏အတွေ့အကြုံကို မျှဝေပေးပါ။
- လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းများကို ပညာရပ်အသိုင်းအဝိုင်း၊ ပြည်သူ့မူဝါဒချမှတ်ရေးနှင့် အများပြည်သူများအကြားတွင် စိတ်ဝင်စားမှုရှိခြင်းမှာ မည်မျှကြာပြီနည်း။
- လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းများဆိုသည်မှာ မည်သည်တို့ဖြစ်သည်ကို ဖော်ပြပါဆိုလျှင် သင့်နိုင်ငံမှ လူအများက မည်ကဲ့သို့ ဖော်ပြမည်နည်း။
- SE များသည် ကပ်စတန်မာများ၊ အလားအလာရှိသော လုပ်သားများ၊ မိတ်ဖက်များ အကြားတွင် အသက်မွေးမှုလုပ်ငန်းတစ်ခုအနေနှင့် ရေပန်းစားပါသလား။
- SE အများစုသည် မည်သည့်ပုံစံဖြင့် တရားဝင်တည်ရှိပါသနည်း။
- ၎င်းတို့သည်အစိုးရထံမှ အထောက်အပံ့များ ရရှိပါသလား။

# အပြန်အလှန် မျှဝေဆွေးနွေးခြင်း




တစ်ဖွဲ့လျှင် တင်ပြမည်သူတစ်ဦးစီက ၄င်းတို့အဖွဲ့အတွင်း
ဆွေးနွေးထားသောအချက်များကို ပြန်လည်တင်ပြဆွေးနွေးခြင်း

# အိပ်ယာထဲမှအလုပ်လုပ်ခြင်း (ပိုလန်နိုင်ငံ)

## လှေ့လာချက်တစ်ခုကို တင်ဆက်ခြင်း



ရင္းျမစ္ - https://lezeipracuje.pl/en/

# အဖွဲ့အလိုက် SE ပုစ္ဆာတစ်ခုကို ဖြေရှင်းခြင်း



# ဆွေးနွေးချက်များကို အနှစ်ချုပ်ခြင်း




Thank You


Social
Entrepreneurship
Empathy
Giving
Start
Use
Back
Techniques
Companies
Environmental
Implement
Issues
Sizes
Concept
Fund
Solutions
Up